# ၂၀၁၁-၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ မွန်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို မွန်ပြည်နယ်လွှတ်တော်၏ သဘော တူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် –

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြည်နယ်အတိုင်းအတာ အရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ခုကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စု ဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊

သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများလည်း ပါဝင်သည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) တိုင်းရင်းသား လုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စသည့် လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါမည် -

(က) ပုံမှန်ဈေးနှုန်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ၇. ၆ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ် အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀. ၂ ရာခိုင်နှုန်းမှ ၃၈. ၁ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃. ၄ ရာခိုင်နှုန်းမှ ၂၄. ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၄ ရာခိုင်နှုန်းမှ ၃၇. ၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၂. ၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၁၁. ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၁. ၃ ရာခိုင်နှုန်း အသီးသီး တိုးတက် စေရန်၊

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို အဓိကဦးတည်ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်သွားရန်၊

(၃) ကြံ၊ ရော်ဘာ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊ မွန်ပြည်နယ် ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဥယျာဉ်ခြံသီးနှံ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၅) အကျိုးပြုဧရိယာဧက (၂၉၁၀၀) ရှိသော ဆည်ရေပေးရေးလုပ်ငန်း (၆) ခုအား သတ်မှတ်ရေလှောင်ပမာဏရရှိရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၆) စိုက်ပျိုးရေးဘွဲ့ရ ပညာရှင် (၃၆) ဦး (နှစ်ရှည်သီးပင်အထူးပြု)၊ စိုက်ပျိုးရေးဆိုင်ရာဒီပလိုမာလက်မှတ်ရပညာရှင် (၁၂၁) ဦးအား မွေးထုတ်ပေးရန်၊

(၇) နှစ်ချင်း၊ နှစ်ရှည်သီးနှံ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ပါမည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် ကွင်းပေါင်း (၂၀) ကွင်းရှိ ဧရိယာ (၉၈၇၄) ဧကကို တိုင်းတာဆောင်ရွက်ခြင်းဖြစ်သည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ မွန်ပြည်နယ်တွင် (၁၀၀) ဧက စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့်ပညာရှင်များ အကူအညီဖြင့် ဆောင်ရွက်ပါမည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စပ်မျိုးစပါးမျိုးစေ့ထုတ် ဧရိယာ ဧက (၂၅) ဧက ဆောင်ရွက်ပါမည်။

(၃) ရေမြေဒေသနှင့် ကိုက်ညီသော သီးနှံစပ်မျိုးများ၊ ဆားငန်ဒဏ်ခံ စပါးမျိုးများအား၊ သုတေသနပြု စမ်းသပ်ဆောင်ရွက်ပါမည်။

(၄) မွန်ပြည်နယ် ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဥယျာဉ်သီးနှံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးသွားပါမည်။

(၅) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာကိုင်တွယ်အသုံးပြုနည်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားပါမည်။

(၆) စိုက်ပျိုးရေးဆိုင်ရာဒီပလိုမာလက်မှတ်ရ ပညာရှင် (၁၂၁) ဦးအား မွေးထုတ်ပေးပါမည်။

(၇) ရော်ဘာသီးနှံ၊ နှစ်ရှည်သီးနှံသုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်ပေးသွားပါမည်။

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်းပေါင်း (၁၀၈၅၆၆. ၆၁) ကို ထုတ်ချေးပေးသွားပါမည်။

၇။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့် ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် ၂၀၁၁-၂၀၁၂ ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားထုတ်လုပ်မှုတွင် အခြေခံနှစ်၏ (၆. ၀၁) ရာခိုင်နှုန်း တိုးတက်ရရှိစေရန်၊

(၂) ငါးပုစွန်ထုတ်လုပ်မှုတွင် အခြေခံနှစ်၏ (၅. ၁၃) ရာခိုင်နှုန်း တိုးတက်ရရှိစေရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရန် ပြည်တွင်းပြည်ပအရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားပါမည်။

(၂) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်နိုင်ရန် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၃) ပြည်နယ်အတွင်း နို့နှင့်အသားထုတ်လုပ်မှု တိုးတက်စေရန် ဖရီရှန်ကပြား နို့စားနွားများနှင့် နွားနောက်များကို မုဒုံ ဗဟိုခြံလယ်ယာကုန်ထုတ်အသင်းတွင် မွေးမြူထားရှိပြီး ပြည်နယ် အတွင်း မွေးမြူသူများအား မျိုးဖြန့်ဖြူးသွားပါမည်။

(၄) အင်းများတွင် ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှု တိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်။

(၅) အင်းများတွင် ငါးအထွက်နှုန်း တိုးတက်စေရေး၊ အင်းချောင်းများ ပျက်စီးခြင်းမှ ပြုပြင် ကာကွယ်ရေးအတွက် နှစ်ရှည်ကြေးတိုင်စိုက် လုပ်ကိုင်ခွင့်ပြုသွားပါမည်။

(၆) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားပါမည်။

(၇) ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှုအား မြှင့်တင်ရန်၊ အပြည်ပြည် ဆိုင်ရာတွင် ကျင့်သုံးနေသော ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်စနစ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

(၈) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစု အဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက်သွား ပါမည်။

(၉) မွန်ပြည်နယ်အတွင်းရှိ ကျေးရွာတိုင်းတွင် (၁၀) ပေ ပတ်လည်အရွယ် ငါးကန်များတူးဖော်ရေး စည်းရုံးဆောင်ရွက်မည်ဖြစ်ပြီး ငါးမျိုးများ အခမဲ့ဖြန့်ဖြူးပေးရေး စီစဉ်ဆောင်ရွက်သွား ပါမည်။

(၁၀) ငါးသားပေါက် ငါးသန်များကို လှောင်အိမ်စနစ်ဖြင့် ပြုစု၍ ငါးဖျန်းအဆင့်ရောက်မှသာ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်သွားပါမည်။

(၁၁) ကျေးလက်ဒေသဖွံ့ဖြိုးရေး စပါးခင်းများမှ ငါးပိုမိုထွက်ရှိရေး စည်းရုံးဆောင်ရွက်သွားပါမည်။

(၁၂) ငါးနေငါးထိုင်များ မပျက်စီးစေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အရွယ်မရောက်သေးသည့် ငါးငယ်များကို မဖမ်းဆီးစေရေးအတွက် ငါးဖမ်းကိရိယာများကို ကြပ်မတ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

(၁၃) ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စပါးခင်းများနှင့် ဆည်၊ မြစ်ချောင်း၊ ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) သစ်ထုတ်ရေးဌာနမှ အပ်နှံသော သစ်လုံးများအား လက်ခံရယူပြီး အလေအလွင့်နည်းပါးရေး၊ ခွဲသားအရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ ခွဲသားထွက်ရာခိုင်နှုန်းမြင့်မားရေး နည်းစနစ်မှန်ကန်စွာခွဲစိတ်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ခွဲစိတ် ထုတ်လုပ်၍ ပြည်သူလူထုနှင့် အစိုးရဌာနများ၏ လိုအပ်ချက်များအားလည်းကောင်း၊ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးရောင်းချပေးရေး၊

(၆) သစ်လုံးခွဲစိတ်ရာမှ ထွက်ရှိလာမည့် ဘေးထွက်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအစီအမံများဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၇) နှစ်အလိုက် သတ်မှတ်လျာထားသော သစ်လုံးလက်ခံခြင်း၊ ခွဲစိတ်ခြင်း၊ ခွဲသားထွက်ရှိခြင်း၊ ခွဲသားဖြန့်ဖြူးခြင်း၊ ပြည်တွင်းဝင်ငွေ စီမံချက်များအား ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်မှာ -

- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်သည်။

(၃) ရေဝေရေလဲဒေသများထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် တည်ထောင်ပြီး ရေဝေရေလဲစိုက်ခင်းများ ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်ပါသည်။

(၄) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် ကျေးလက်အိမ်ရာများ၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၅) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးမည် ဖြစ်သည်။

(၆) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ရန် စည်းရုံးဆောင်ရွက်သွားရန်၊

(ခ) ဒီရေတောများ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်သွားရန်၊

(ဂ) ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဃ) သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(၇) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည် ဖြစ်သည်။

(၈) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲစေမည်ဖြစ်သည်။

(၉) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် ယန္တရားများဖြင့် သစ်ထုတ်ပါက သဘာဝတောတောင်များကို ထိခိုက်မှုအနည်းဆုံးဖြင့် သစ်ထုတ်နိုင်ရန် ကွင်းဆင်းစစ်ဆေးတိုင်းတာတွက်ချက်ခြင်း၊ သစ်ထုတ်ရာတွင် တောတောင်ရေမြေကို ထိခိုက်မှုအသက်သာဆုံးဖြစ်သည့် “ဆင်ဖြင့် သစ်ထုတ်လုပ်ခြင်းနည်းစနစ်” ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁၀) ပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေသော သစ်ထုတ်လမ်းများ၊ ဖောက်လုပ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁၁) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၂) ရောင်းတန်းဝင်သစ်မျိုးများနှင့် လူသုံးနည်း သစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားမည် ဖြစ်သည်။

(၁၃) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၄) သစ်အခြေခံစက်မှုလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၅) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ် ဆိုင်ရာသင်တန်းများကိုလည်း လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချပေးပြီး ပြည်တွင်း/ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားမည်ဖြစ်သည်။

၉။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ဦးတည်ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌အရေးပါသည့် မဟာဗျူဟာမြောက်ဓာတ်သတ္တုများကို စနစ်တကျထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) မြန်မာနိုင်ငံအတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာစားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လာရေး ကြီးကြပ်ဖော်ဆောင်ရန်၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရေး ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

(၂) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားထုတ်လုပ်မှု တိုးတက်လာစေရန် ဦးတည်ဆောင်ရွက်သွားမည်။

၁၀။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသောစက်ရုံများ ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် အကျိုးရှိပြီး ထိရောက်စွာသုံးစွဲရန် တွန်းအားပေးဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရန်နှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရန် အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ပူးပေါင်းဆောင်ရွက်ရေး၊

(၅) ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) စက်မှုလက်မှုလုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် စက်ရုံနှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်ရုံအဆောက်အဦများ တည်ဆောက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်းနည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေးတိုးမြှင့်ဆောင်ရွက်သွားမည်။

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်သွားမည်။

(၅) လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်သွားမည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

(၇) ပုဂ္ဂလိကပိုင်စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်ထုတ်လုပ်စေရန် တွန်းအားပေးဆောင်ရွက်သွားမည်။

၁၁။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဓာတ်အားထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်၊ စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအနိမ့်အမြင့်အလိုက်နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေရေး၊ ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးပို့လွှတ်နိုင်ရေး၊

(၄) မွန်ပြည်နယ်တွင် သထုံဓာတ်အားပေးစက်ရုံ၊ မော်လမြိုင်ငန်းတေး ဓာတ်အားပေးစက်ရုံများ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိပြီး ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ -

- ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၃၀ ကေဗွီ ဓာတ်အားလိုင်း (၂) လိုင်း၊ (၃၃) ကေဗွီလိုင်း ဓာတ်အားလိုင်း (၁) လိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၄) လိုင်း စုစုပေါင်းဓာတ်အားလိုင်း (၇) လိုင်း တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

(၂) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၂) ရုံ၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ (၁) ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ (၁၆) ရုံ၊ စုစုပေါင်း ဓာတ်အားခွဲရုံ (၁၉) ရုံ တည်ဆောက်သွားမည်ဖြစ်သည်။

၁၂။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဆက်သွယ်သည့် လမ်းများကို ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတားအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရေးနှင့် ကျေးရွာချင်းဆက်လမ်းများအဖြစ် ကျိုက်မရောမြို့နယ်တွင် မြေသားလမ်းအသစ် (၄) ခုနှင့် ကျောက်ချောလမ်း (၂) ခု ဆောင်ရွက်ရေး၊ ရေးမြို့နယ်တွင် ကျောက်ချောလမ်း (၂) ခု ဆောင်ရွက်ရေး၊

(၂) ကျန်လမ်းများတွင် ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရေး၊

(၃) လက်ရှိလမ်းများ၏ အဆင့်အတန်းများကို နိမ့်ကျမှုမရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းရေး၊

(၄) ပေ (၅၀) အောက် တံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောက်လုပ်ရေး၊

(၅) ကျိုက်မရောမြို့နယ်၊ ကျေးရွာချင်းဆက်လမ်းတွင် ကွန်ကရစ်တံတားငယ် (၃) စင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကျေးရွာလမ်း၌ အုတ်ခုံတံတားငယ် (၁) စင်းနှင့် ရေးမြို့နယ်ကျေးရွာချင်းဆက်လမ်းများတွင် အုတ်ခုံတံတားငယ် (၆) စင်း ဆောက်လုပ်ပေးရေး၊

(၆) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မွန်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသများတွင် မူလတန်းကျောင်း (၇) ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၅) ခုနှင့် ကျေးရွာစာကြည့်တိုက် (၉) ခု အသစ်တည်ဆောက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်ရှိကတ္တရာလမ်းများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး၊ ကတ္တရာလမ်းသစ်များ တိုးမြှင့်ဖောက်လုပ်ရေးနှင့် ပေ (၅၀) အောက်တံတားများကို အမြဲတမ်းကွန်ကရစ်တံတားများ တည်ဆောက်သွားရန်၊

(၂) တံတားများအား ကွန်ကရစ်တံတားများနှင့် အုတ်ခုံတံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) မွန်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ နေထိုင်မှုအဆင့်အတန်း အစဉ်တိုးတက်မြင့်မားလာစေရန်နှင့် လူမှုစီးပွားရေးဖွံ့ဖြိုးလာစေရန်အတွက် မြို့ပြနှင့်ကျေးလက်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ရေးဆွဲဆောင်ရွက်ရန်၊

(၄) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတားကဏ္ဍ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဆက်သွယ်သော မုဒုံ-မြဝတီလမ်းတွင် (၁၂၀) ပေနှင့် (၁၄၀) ပေ သံကူကွန်ကရစ်တံတားအသစ် ဆောက်လုပ်ခြင်း၊ သိမ်ဆိပ်-ဝီယော်-လေးကေလမ်းတွင် (၁၇၀) ပေအရှည် ဘေလီတံတားအား သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ရေလည်တိုင်နှင့် ဘေလီတံတားကြမ်းခင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်း (သာမန်အသုံးစရိတ်) ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ သံကူကွန်ကရစ်တံတားအသစ်ဆောက်ခြင်း၊ တံတားများပြုပြင်ခြင်း၊ ရေထုတ်ပြွန်များ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ကျေးရွာချင်းဆက် မြေသားလမ်းအသစ် (၄) ခု ဖောက်လုပ်ခြင်း ဆောင်ရွက်သွားပါမည်။

(၄) မြေသားလမ်း (၄) ခုအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားပါမည်။

(၅) ကျေးရွာချင်းဆက်လမ်းရှိ ကွန်ကရစ်တံတားငယ် (၃)စင်းအသစ် ဆောင်ရွက်သွားပါမည်။

(၆) ကျေးရွာချင်းဆက်လမ်းများတွင် အုတ်ခုံခံတံတားငယ် (၇) စင်း ဆောင်ရွက်သွားပါမည်။

(၇) အိမ်ရာစနစ်များတိုးတက်ရေး၊ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသောအိမ်ရာများဖြစ်စေရန် ဆောင်ရွက်သွားပါမည်။

၁၃။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဥ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လေဆိပ်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရေး၊

(၂) မြစ်ကြောင်းသွားရေယာဥ်များ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ခေတ်မီဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နိုင်ရေးနှင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာသဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊

(၃) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေး ယာဥ်များအစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အအဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၄) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၅) နိုင်ငံတော်တစ်ဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၆) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြှင့်တက်လာရေး ဆောင်ရွက်ရေး၊

(၇) ယာဥ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဥ်အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၂) ရေကြောင်းသွားလာမှုတိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွက် နှစ်စဥ်အသားတင်ဘဏ္ဍာငွေများတိုးတက်ရှာဖွေရေး ဆောင်ရွက်ရန်၊

(၄) နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဥ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဥ်များ၊ လိုင်စင်သက်တမ်းလွန်ရေယာဥ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဥ်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေ တိုးတက်အောင် ဆောင်ရွက်ပါမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊

မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလွှဲမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး အတွက် မြစ်ကြော့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့်ယန္တရားများ ကြံ့ခိုင် စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေကြောင်းကဏ္ဍတွင် လေဆိပ်နှင့်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၄) မိုးလေဝသလုပ်ငန်းနှင့်ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းပြ ရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက် ဆောင်ရွက်သွားမည်။

(၅) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်း ဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိ တံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက် အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၆) မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ပြီး မွန်ပြည်နယ် အတွင်းနှင့် တစ်နိုင်ငံလုံးရှိ ရထားလမ်းဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်း သစ်များတွင် အသုံးပြုသွားမည်။

၁၄။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကာလတို ငါးနှစ် (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆) စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍတည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီး မြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၄၉ ဆ တိုးတက်ဖြစ်ပေါ် ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၅၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ပါမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်း လုံးရေ (၅,၈၈၃,၆၁၇) နှင့် တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ (၉၁,၁၂၇) နှင့် တယ်လီဖုန်းသိပ်သည်းဆ ၃ ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ Internet User ကို (၂၂၀) အထိ တိုးတက်စေရန် ဆောင်ရွက်ပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လက်ရှိကျင့်သုံးနေသော စာပို့တိုက်အက်ဥပဒေကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင် ရေးဆွဲရာတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

(၂) အော်တိုတယ်လီဖုန်းကဏ္ဍတွင် လက်လှည့်အိတ်ချိန်း (၁) ခုဖြစ်သော လမိုင်းအိတ်ချိန်းအား အော်တိုအိတ်ချိန်းအဖြစ် အဆင့်မြှင့်ဖွင့်လှစ်ခြင်းနှင့် ရေးမြို့နယ်ရှိ Starex-IMS ခေတ်ဟောင်း အိတ်ချိန်းအား ခေတ်မီ TWD-06 အိတ်ချိန်းဖြင့် အစားထိုးလဲလှယ်ပါမည်။

(၃) မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ခြင်းစီမံကိန်း ပထမနှစ်လိုင်း (၄) သန်းတိုးချဲ့ခြင်းလုပ်ငန်း၏ မွန်ပြည်နယ်အတွင်း လိုင်းအင်အား (၁၉၉၀၀၀) တိုးချဲ့ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ပါမည်။

(၄) အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းစုစုပေါင်းလုံးရေ (၅၀၅၇၇) လုံး တပ်ဆင်ပေးရန် လျာထားပါသည်။

(၅) ကျွမ်းကျင်ဝန်ထမ်းများလေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်း၊ ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ လေ့ကျင့်သင်ကြားရေးအစီအစဉ်ဖြင့် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တွင်ဖွင့်လှစ်သည့် သင်တန်းအမျိုးအစားပေါင်း (၃၈) ခုတွင် သင်တန်းသားပေါင်း (၈၄) ဦး လေ့ကျင့်သင်ကြားစေရန် စီစဉ်ဆောင်ရွက်ပါမည်။

၁၅။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ -

- နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ပိုင်ဆိုင်မှုအလိုက် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် အသေးစားငွေစုငွေချေးအသင်းများ၏ လုပ်ငန်းများကို တိုးချဲ့ဆောက်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) သက်ဆိုင်ရာဘဏ်များအလိုက် လုပ်ငန်းများ အပြည့်အဝဆောင်ရွက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေးအတွက် အတိုးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေးနှင့် နိုင်ငံတော်စီးပွားရေး မူဝါဒနှင့်အညီ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရန်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ချေးငွေများ အချိန်မီ စနစ်တကျထုတ်ချေးရေးနှင့် သတ်မှတ်ကာလအတွင်း အပြည့်အဝပြန်လည်ကောက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ၊ ပိုမိုတိုးတက်လာစေရန်နှင့် အကျိုးသက်ရောက်မှုရှိမည့် အခြားအာမခံလုပ်ငန်းအမျိုးအစားများကို တိုးချဲ့ဆောင်ရွက်မည်။

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ချေးငွေထုတ်ချေးရေးကို ဆောင်ရွက်မည်။

(၅) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် သမဝါယမငွေစုငွေချေးအသင်းများမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရေးအတွက် ဆောင်ရွက်မည်။

၁၆။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်အထောက်အကူပြု ပြည်နယ်၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့်ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(၇) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်သွားရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် (၁၈. ၆) ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်မှာ -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များပြည့်မီစေရန် ဆောင်ရွက်သွားမည်။

၁၇။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ -

- ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများကို တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍကိုလည်း လိုက်လျောညီထွေတိုးတက်လာစေရေး။

(ခ) ရည်မှန်းချက်မှာ -

- ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် (၁၄. ၉) ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်မှာ -

- ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်သည့် ဝန်ဆောင်မှုပေးနိုင်ခြင်းအပေါ် အခြေခံ၍ စီမံကိန်းရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၈။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကာလတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

- မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး။

## အခန်း (၅)
## အထွေထွေ

၁၉။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို ဘက်ပေါင်းစုံမှအစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

# ၂၀၁၂-၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ မွန်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။